**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဝါရှင်တန်မြို့**

# ပြည်ပရောက်မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရန်အတွက် ပုံစံ(၁၅)များ ဖြည့်စွက်ပေးပို့နိုင်ကြောင်းကြေညာခြင်း

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၈-၇-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသဖြင့် မြန်မာနိုင်ငံအစိုးရ၏ ခွင့်ပြုချက် (သို့တည်းမဟုတ်) အမေရိကန်ပြည်ထောင်စုတွင် တရားဝင်ရောက်ရှိနေထိုင်လျက်ရှိပြီး သက်တမ်းရှိမြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော အသက်(၁၈)နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသား မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပူးတွဲပါ ကြိုတင်ဆန္ဒမဲတောင်းခံရန်ပုံစံ(၁၅)ကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ မိမိတို့နေထိုင်သောကောင်စစ်နယ်မြေများအလိုက် အောက်ဖော်ပြပါ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ စာတိုက်မှသော်လည်းကောင်း၊ Fax ဖြင့်သော်လည်းကောင်း၊ email ဖြင့်သော်လည်းကောင်း ပေးပို့ကြပါရန် နှိုးဆော်အသိပေးအပ်ပါသည်-

| ပေးပို့ရမည့်လိပ်စာနှင့်အီးမေးလ် | ကောင်စစ်နယ်မြေများ |
|---|---|
| မြန်မာသံရုံး<br>2300 S Street, N.W. Washington, D.C. 20008<br>email: pyi.thayar@verizon.net<br>Fax: (1) (202) 332 4351 | **Capital**: Washington, D.C.<br>**States:** Alabama, Arkansas, Colorado, Delaware, Florida, Georgia, Idaho, Illinois, Indiana, Iowa, Kansas, Kentucky, Louisiana, Marine, Maryland, Massachusetts, Michigan, Minnesota, Mississippi, Missouri, Montana, Nebraska, New Hampshire, North Carolina, North Dakota, Ohio, Oklahoma, Pennsylvania, Rhode Island, South Carolina, South Dakota, Tennessee, Texas, Utah, Vermont, Virginia, West Virginia, Wisconsin, Wyoming<br>**Inhabited territories:** Puerto Rico, U.S. Virgin Islands |
| မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး<br>10 EAST 77th Street, New York, NY 10075<br>email: myanmarmission@verizon.net<br>Fax: (1) (212) 744 1290 | **States:** New York, New Jersey, Connecticut |
| မြန်မာကောင်စစ်ဝန်ချုပ်ရုံး<br>3435, Wilshire Boulevard, Suite 1590, Los Angeles, California 90010<br>email: myancgla@gmail.com<br>Fax: (1) (213) 387 0042 | **States:** Alaska, Arizona, California, Hawaii, New Mexico, Oregon, Nevada, Washington,<br>**Inhabited territories:** American Samoa, Guam, Northern Mariana Islands |

၂။ မြန်မာသံရုံးအနေဖြင့် ဖြည့်စွက်ပြီးပုံစံ(၁၅)များကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၅-၈-၂၀၁၅ ရက်နေ့အရောက်ပေးပို့ရမည်ဖြစ်ရာ ဝါရှင်တန်မြို့၊ မြန်မာသံရုံး၏ကောင်စစ်နယ်မြေများမှ မဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် ပူးတွဲပါပုံစံ(၁၅) အား ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ **၃၁-၇-၂၀၁၅ ရက်နေ့ထက် နောက်မကျစေဘဲ** ဤသံရုံးသို့ ဆောလျင်စွာပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
081
WASHINGTON

မြန်မာသံရုံး၊ ဝါရှင်တန်မြို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

-------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ --------------- သည် ---------------- ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ----------------------------------------

(၂) တိုင်းရင်းသားလူမျိုး ----------------------------------------

(၃) မှတ်ပုံတင်အမှတ် ----------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ----------------------------------------

(၅) အဘအမည် ----------------------------------------

(၆) အမိအမည် ----------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်( )
-------------- လမ်း/ကျေးရွာ -------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
----------------မြို့နယ်၊ ----------------- တိုင်းဒေသကြီး/ပြည်နယ်

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) ------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊ ----------------------

(*တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်း ဖြစ်ရမည်။)

---

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

မြန်မာနိုင်ငံကူးလက်မှတ်အမှတ်/ - ____________________

ထုတ်ပေးရက်စွဲနှင့်နေရာ/ - __________၊ __________

သက်တမ်းကုန်ဆုံးမည့်ရက်စွဲ - ____________________

အမေရိကန်နိုင်ငံတွင် လက်ရှိနေထိုင် - ____________________

လျက်ရှိသည့်လိပ်စာ/ ____________________

အီးမေးလ်/ တယ်လီဖုန်းအမှတ် - __________/__________

ဝါရှင်တန်မြို့ မြန်မာသံရုံးသို့ - ____________________

လာရောက်မဲပေးနိုင်ခြင်း ရှိ/မရှိ

အမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိသည့်အထောက်အထား [ဗီဇာ (သို့) Permanent Resident Card (သို့) Employment Authorization Card] ပူးတွဲပေးပို့ပါရန်။